# မြတ်စွာဘုရား၏ လက္ခဏာတော်ကြီး (၆)

၈။ သုခုမစ္ဆဝိတာလက္ခဏာတော်

ပရိပုစ္ဆနတော ပုဗ္ဗေ၊ ပဏ္ဍိတံ ကုသလာဒိကံ။

သုခုမစ္ဆဝိတော ဗုဒ္ဓေါ၊ မဟာပညော စ တံ နမေ။

ယောဗုဒ္ဓေါ - အကြင်မြတ်စွာဘုရားသည်။ ပုရိမဇာတိယံ - ဘဝများစွာ ရှေးရှေးအခါ၌၊ ပဏ္ဍိ တံ - လောကဓမ္မနစ်ဌာန၌ ကျနသိမြင် ပညာရှိ ပုဂ္ဂိုလ်ကို၊ ကုသလာဒိကံ - ကုသိုလ် အကုသိုလ် ထိုထိုများစွာ အကြောင်းအရာကို၊ ပရိပုစ္ဆနတော - အမှန်သိရေး အဖန်ဖန်မေးခဲ့ခြင်းကြောင့်၊ သုခု မစ္ဆဝိတော - နည့်သိမ်မွေ့သော အသားအရေတော်ရှိသည်လည်းကောင်း၊ မဟာပညောစ - ကြီးကျယ်သော ပညာတော်ရှိသည်လည်းကောင်း၊ ဟောတိ - အကြောင်းအလိုက် အကျိုးဆိုက်၍ သိုက်မြိုက်ထင်ပေါ် ဖြစ်ထွန်းတော်မူ၏။ တံ ဗုဒ္ဓံ - သုခုမစ္ဆဝိတာ လက္ခဏာတော် နှင့်ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို၊ အဟံ - ဘုရားတပည့်တော်သည် နမေ နမာမိ - ယုံကြည်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

ဗုဒ္ဓမြတ်စွာသည် ကမ္ဘာများစွာဖြစ်ခဲ့ရာ၌ များစွာသောဘဝတို့၏ ပညာရှိပုဂ္ဂိုလ်ထံချဉ်းကပ်၍ ကုသိုလ်တရား၊ အကုသိုလ်တရားမေးမြန်းပြီး ထိုတရားတို့ကို ပြုကျင့်လျှင် မည်ကဲ့သို့ ကောင်းကျိုး၊ မကောင်းကျိုးရပါသနည်းဟု သိမ်မွေ့သော အကြောင်းအရာတို့ကို မေးမြန်းလေ့ရှိ၏။ ထိုသို့ မေးမြန်းခြင်းသည် ဗုဒ္ဓမြတ်စွာဘုရား၏ ရှေးရှေးအကြောင်းကောင်းမှုတော်တစ်ပါး ဖြစ်သည်။

ထိုကဲ့သို့ မိမိထက်တတ်သိသော ပညာရှိထံ၌ တရားစကားမေးမြန်းခဲ့ခြင်းကြောင့် ဘုရားဖြစ်မည့် နောက်ဆုံးဘဝ၌ သုခုမစ္ဆဝိတာ (သိမ်မွေ့သော အသားအရေတော်ရှိခြင်း ဟူသော) လက္ခဏာတော်ကို ရရှိတော်မူပေသည်။

ပြခဲ့သောလက္ခဏာတော်သည် ရှေးကံအတွက် ရအပ်သော အကျိုးရင်းတည်း၊ ထိုလက္ခဏာအတွက် အကျိုးဆက်မှာ အရာရာ၌ သူတစ်ပါးထက်သာအောင် ကြီးကျယ်သော ဉာဏ်ပညာရှိတော်မူခြင်းတည်း။

ဤသို့ အကြောင်းကုသိုလ်၊ အကျိုးလက္ခဏာ၊ လက္ခဏာအတွက် အကျိုးဆက် ဤသုံးချက်ကို စဉ်းစားကာ ဗုဒ္ဓမြတ်စွာ၏ သုခုမစ္ဆဝိတာလက္ခဏာတော်ကို အာရုံပြု၍ ဗုဒ္ဓါနုဿတိဘာဝနာပွားပြီး မိမိလည်း ပညာရှိထံချဉ်းကပ်၍ ကုသိုလ် အကုသိုလ် ကံနှင့် ထိုကံတို့၏ အကျိုးရပုံကို မေးမြန်းကြရန် ရေးသားပါသည်။

သိရန်မှန်သမျှ၊ မမေးက၊ ဖျင်းအ ပညာဆို။
ကြားမြင်များအောင်၊ မေးလေ့ဆောင်၊
ခုနှောင်တတ်သိလို့။

စိန်တိုင်ထွန်း